၁၉၅၃ ခုနှစ်၊ အကောက်တော်ခွန်းနှုန်း အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

(နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၄/ ၈၉)

၁၃၅၀ ပြည့်နှစ် ပြာသိုလပြည့်ကျော် ၅ ရက်
၁၉၈၉ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၁၉၅၃ ခုနှစ်၊ အကောက်တော်ခွန်းနှုန်း အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ၁၉၅၃ ခုနှစ်၊ အကောက်တော်ခွန်းနှုန်း အက်ဥပဒေတွင် –

(က) ပုဒ်မ ၂၊ ပုဒ်မခွဲ (၁) တွင်ပါရှိသော "ပထမနှင့် ဒုတိယဇယားများ" ဆိုသည့်စကားရပ်ကို "ပထမ၊ ဒုတိယနှင့် တတိယဇယားများ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) အောက်ပါကို ပုဒ်မ ၂၊ ပုဒ်မခွဲ (၂) အဖြစ် ဖြည့်စွက်ရမည်။

(၂) နယ်စပ်ဒေသ ကုန်သွယ်ရေးလုပ်ငန်းများတွင် ပြည်ထောင်စုမြန်မာနိုင်ငံမှ တင်ပို့သည့် ကုန်ပစ္စည်းများအပေါ် တတိယဇယားတွင် ဖော်ပြထားသည့် နှုန်းများဖြင့် အကောက်တော်ခွန် စည်းကြပ်ကောက်ခံရမည်။

(ဂ) တည်ဆဲပုဒ်မ ၂၊ ပုဒ်မခွဲ (၂) ၊ (၃) နှင့် (၄) တို့ကို ပုဒ်မခွဲ (၃) နှင့် (၄) ၊ (၅) တို့အဖြစ် အသီးသီး ပြင်ဆင်ရမည်။

(ဃ) ပုဒ်မ (၅) ၊ ပုဒ်မခွဲ (၁) တွင် ပါရှိသော "တတိယဇယား" ဆိုသည့် စကားရပ်ကို "စတုတ္ထ ဇယား" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(င) တည်ဆဲ တတိယဇယားကို စတုတ္ထ ဇယားအဖြစ် ပြန်လည်သတ်မှတ်ရမည်။

တတိယဇယား
(The Third Schedule)
နယ်စပ်ဒေသ တင်ပို့ကုန် အကောက်တော်ခွန်နှုန်း
(Border Trade Export Tariff)

(ပုဒ်မ ၂ (၂) ကို ကြည့်ပါ)

အမှတ်စဉ် Item No.	ပစ္စည်းအမည် Name of Article	အကောက်တော်ခွန်နှုန်း Rate of Duty
၁	**ဆန်နှင့် စပါးမှအပ စိုက်ပျိုးသီးနှံများ** (Agricultural produce other than rice and paddy)	

	(က) ပဲအမျိုးမျိုး (Beans, all sorts) (ခ) မီးဖိုချောင်သုံး ဟင်းခတ်အမွှေးအကြိုင် ပစ္စည်းများ (Spices.) (ဂ) အုန်းသီးနှင့် အုန်းသီးထွက် ပစ္စည်းများ (Coconuts and coconut products) (ဃ) ကွမ်းသီးနှင့် ကွမ်းသီးထွက်ပစ္စည်းများ (Betelnuts and betelnut products) (င) သီးခြားဖော်ပြခြင်းမရှိသော အခြားအသီးအနှံနှင့် သီးနှံထွက် ပစ္စည်းများ (Other fruits, vegetables, cereals. Pulses and products thereof, not elsewhere specified)	တန်ဖိုး၏ ၂၀ ရာခိုင်နှုန်း။ တန်ဖိုး၏ ၁၀ ရာခိုင်နှုန်း။ တန်ဖိုး၏ ၁၀ ရာခိုင်နှုန်း။ တန်ဖိုး၏ ၁၀ ရာခိုင်နှုန်း။ တန်ဖိုး၏ ၁၀ ရာခိုင်နှုန်း။
၂	**ရေထွက် ပစ္စည်းများ** (က) ဆား (Salt) (ခ) ငါးအစို (Fish, fresh) (ဂ) ငါးအခြောက်နှင့် ကြာရှည်အသုံးခံရန် ပြုပြင်ထား သော ရေထွက်ပစ္စည်းများ (ပုစွန်အစိုနှင့် ပုစွန်အခြောက် များကို နယ်စပ်ဒေသများတွင် ပုဂ္ဂလိကများအား တင်ပို့ခွင့် မပြုရ) (Fish, dried and marine products, preserved; private export of prawn, fresh or dried, not allowed at border ares) (ဃ) သီးခြားဖော်ပြထားခြင်းမရှိသော အခြားရေထွက် ပစ္စည်းများ (Other marine products, not elsewhere specified)	တန်ဖိုး၏ ၁၀ ရာခိုင်နှုန်း။ တန်ဖိုး၏ ၂၅ ရာခိုင်နှုန်း။ တန်ဖိုး၏ ၁၀ ရာခိုင်နှုန်း။ တန်ဖိုး၏ ၁၀ ရာခိုင်နှုန်း။
၃	**လူသုံးကုန်နှင့် စားသောက်ကုန်ပစ္စည်းများ** (က) မုန့်ညက်နှင့် မုန့်ညက်ဖြင့် ပြုလုပ်သော စားသောက် ကုန်အမျိုးမျိုး (Flour and food-stuffs made of flour)	တန်ဖိုး၏ ၁၀ ရာခိုင်နှုန်း။

	(ခ) ဆေးလိပ်၊ ဆေးတံသောက်ဆေး၊ ဆေးရွက်ကြီးနှင့် အခြားဆေးရွက်နှင့် ပတ်သက်သော ပစ္စည်းများ (Cigarettes; cigars; cheroots ; pipe tobacco. Unmanufactured and other related products) (ဂ) သီးခြားဖော်ပြခြင်းမရှိသော အခြားစားသောက်ဖွယ်ရာများ (Other food-stuffs; not elsewhere specified)	တန်ဖိုး၏ ၁၀ ရာခိုင်နှုန်း။ တန်ဖိုး၏ ၁၀ ရာခိုင်နှုန်း။
၄	**ကြက်၊ ဘဲ၊ ဝက်၊ သိုး၊ ဆိတ်အရှင်နှင့် ၎င်းတိရစ္ဆာန်များ၏ ပြုပြင်ပြီးပစ္စည်းများ** (ကျွဲ၊ နွား၊ ဆင်၊ မြင်းနှင့် ရှားပါးတိရစ္ဆာန်များကို နယ်စပ်ဒေသများတွင် ပုဂ္ဂလိကများအား တင်ပို့ခွင့်မပြုရ) (Chicken, duck, pig, sheep, goat, alive and products thereof , fresh and preserved; private export of cattle, buffalo. Elephant, horse and rare animals not allowed at border areas)	တန်ဖိုး၏ ၁၀ ရာခိုင်နှုန်း။
၅	**တိရစ္ဆာန်အစားအစာ** (Animal feed)	တန်ဖိုး၏ ၁၀ ရာခိုင်နှုန်း။
၆	**သစ်တောထွက်ပစ္စည်းနှင့် ပြုပြင်ပြီး သစ်တောထွက်ပစ္စည်းများ** (ကျွန်းသစ်၊ ဆင်စွယ်နှင့် ရှားပါးတိရစ္ဆာန်တို့၏ သားရေများကို နယ်စပ်ဒေသများတွင် ပုဂ္ဂလိကများအား တင်ပို့ခွင့်မပြုရ) (Forest produce, manufactured or unmanufactured; private export of tesk, elephant tusks and hides of rare animals not allowed at border ares.)	တန်ဖိုး၏ ၁၅ ရာခိုင်နှုန်း။
၇	**သီးခြားဖော်ပြထားခြင်းမရှိသော အခြားပစ္စည်းအမျိုးမျိုး** (Other articles, not elsewhere specified.)	တန်ဖိုး၏ ၁၀ ရာခိုင်နှုန်း။

၁၉၅၃ ခုနှစ်၊ အကောက်တော်ခွန်းနှုန်း အက်ဥပဒေကို ပြင်ဆင်ခြင်းနှင့် ပတ်သက်သော အကျိုးအကြောင်း ဖော်ပြချက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသည် ပြည်သူများစားဝတ်နေရေး ချောင်လည်ပြည့်ဝစေရေး၊ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ဘက်စုံဆက်တိုက် အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိပါသည်။ အထူးအားရကျေနပ်ဖွယ်ရာကောင်းသည့်မှာ ပြည်သူများကိုယ်တိုင် တက်ကြွစွာပါဝင်လာခြင်း၊ သမဝါယမအသင်းများနှင့် ပုဂ္ဂလိက ကုန်သည်ကြီးများ၏ အခန်းကဏ္ဍ စေတနာမှန်၍ ကျယ်ပြန့်လာခြင်းတို့ပင် ဖြစ်ပါသည်။

လက်ငင်းအကျိုးကျေးဇူးတို့ကို အစပျိုးစမ်းသပ်ဆောင်ရွက်လျက်ရှိသော နယ်စပ်ဒေသ ကုန်သွယ်မှုလုပ်ငန်းတွင်လည်း တွေ့မြင်နေရပြီဖြစ်ပါသည်။ ယင်းလုပ်ငန်းအောင်မြင်သည်ထက် အောင်မြင်အောင် လက်တွေ့

အတွေ့အကြုံများအပေါ် မပြတ်သုံးသပ်၍ ပြုပြင်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့် ဆွေးနွေးညှိနှိုင်းရရှိသော သဘောတူညီချက်များနှင့်အညီ နယ်စပ်ဒေသကုန်သွယ်မှုလုပ်ငန်းကိုလည်း နိုင်ငံအကျိုး၊ ပြည်သူ့တို့အကျိုးကို ရှေးရှု၍ တိုးချဲ့သွားမည်ဖြစ်ပါသည်။

နယ်စပ်ဒေသကုန်သွယ်မှု လုပ်ငန်းရှင်တို့သည် အစိုးရက မျှတစွာစည်းကြပ်သော အကောက်ခွန်တို့ကို ပေးဆောင်ခြင်းဖြင့် လွတ်လပ်စွာ သယ်ဆောင်ရောင်းဝယ်နိုင်ကြပါသည်။ စိတ်ဒုက္ခ၊ ကိုယ်ဒုက္ခ ကင်းဝေးကြပြီး ရောင်းဝယ်သည့် ပစ္စည်းများလည်း သန့်ရှင်းစင်ကြယ်ပါသည်။ ပြည်သူတို့အကျိုးအတွက် သုံးစွဲရမည့် နိုင်ငံတော်ဘဏ္ဍာကိုလည်း တစ်ဘက်တစ်လမ်း ဖြည့်ဆည်းကြပါသည်။

၁၉၅၃ ခုနှစ်၊ အကောက်တော်ခွန်းနှုန်း အက်ဥပဒေတွင် သွင်းကုန်အကောက်တော်ခွန်းနှုန်းများကို ပြည့်ပြည့်စုံစုံ ပြဋ္ဌာန်းထားပြီးဖြစ်ပါသည်။ ထုတ်ကုန်အကောက်တော်ခွန်းနှုန်းများကိုမူ ယခုနယ်စပ်ဒေသ ကုန်သွယ်မှုတွင် ပြည်ပသို့ရောင်းချရန် တိုးချဲ့ခွင့်ပြုထားသည့် ပစ္စည်းများအတွက် ပြဋ္ဌာန်းထားခြင်းမရှိသေးပါ။ ထို့ကြောင့် ယင်းပစ္စည်းများအတွက် အကောက်အခွန်နှုန်းများကို ကုန်ပစ္စည်းအလိုက် မျှတစွာသတ်မှတ်ကာ ဥပဒေဖြင့် အထင်အရှား ပြဋ္ဌာန်းထားရှိရန် ၁၉၅၃ ခုနှစ်၊ အကောက်အခွန်နှုန်း အက်ဥပဒေကို ပြင်ဆင်ခြင်း ဖြစ်ပါသည်။